ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

ဒသမနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄ ) ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၁၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၇.၃၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ ဒသမနေ့အစီအစဉ်များကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပမှာဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ပြုလုပ်ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ဒသမနေ့ ၂၃-၂-၂၀၁၆ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဥာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် နှီးနှောဖလှယ်ပွဲ တက်ရောက်ရန်တို့ ဖြစ်ကြပါတယ်။ ယခင်က ခွင့်တိုင်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၆)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူများကို ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီတွင် ပါဝင်မည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး နဝမနေ့ (၂၂-၂-၂၀၁၆) ရက်နေ့ အစည်းအဝေးမှာ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီဥက္ကဋ္ဌ အဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း နှင့် အဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအေးဗိုလ်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) မှ ဦးဝင်းအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးပြုးလွင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစိုင်းလုံစံခတ် နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ကိုကိုဝင်း တို့အား တာဝန်ပေးဖွဲ့စည်းရန်နှင့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကို လွှတ်တော်သို့ အသိပေး တင်ပြခဲ့ပါတယ်။

ဒီတင်ပြချက်ကို သဘောတူ မတူ လွှတ်တော်၏ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်း နှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းတဲ့ တင်ပြချက်ကို အမျိုးသား လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသား

လူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လည်း လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ပါတယ်။

ဒါကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို (၁၅)ဦး ထက်မပိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းမှာ ဖြစ်ပြီး ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူ ဦးဆောင်မယ့် ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်မှာ တင်ပြပြီး အတည်ပြုချက် ရယူဖွဲ့စည်းရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းခြင်းနဲ့ တစ်ဆက်တည်းမှာပဲ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ ကော်မတီရဲ့ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းများကို လွှတ်တော်က သတ်မှတ်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို (၁၅)ဦးနဲ့ ဖွဲ့စည်းရန် လျာထားကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်က သတ်မှတ်ပေးမယ့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ကော်မတီဝင်များရဲ့ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း အား ရှင်းလင်းတင်ပြ ဖို့ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေ၊ မိမိတို့၏အကျိုး၊ နိုင်ငံတော်ရဲ့အကျိုး၊ တိုင်းသူပြည်သားများရဲ့အကျိုး ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ကြပြီးသကာလ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေလို့ ရှေးဦးပဏာမ စကားစုအနေနဲ့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း ပဲဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊

ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်း တင်ပြသွားမှာဖြစ် ပါတယ်။ ပထမဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီရဲ့ တာဝန် ဝတ္တရားများကို ရှင်းလင်းတင်ပြပါမယ်။ ဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်း မျိုးသန့် မျိုးစေ့များရရှိရေး၊ စံချိန်စံညွှန်းမီ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနဲ့ အခြားစိုက်ပျိုးရေးဆိုင်ရာ ဓာတုဆေးများရရှိရေး၊ စနစ်တကျ သုံးစွဲရေးတို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရပါမယ်။ သဘာဝဓာတ်မြေဩဇာများ ပိုမိုသုံးစွဲ နိုင်ရေး၊ အော်ဂဲနစ်မြေဩဇာများ ထုတ်လုပ်သုံးစွဲမှု တိုးတက်လာရေးနှင့် အော်ဂဲနစ်နည်းပညာ ဖွံ့ဖြိုးလာရေးကို အားပေးကူညီဆောင်ရွက်ပေးရပါမယ်။ ဆန်စပါးအပါအဝင် အလားအလာရှိသော အရည်အသွေးမြင့်ပြည်ပပို့ကုန်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနဲ့ ပြည်ပဈေးကွက်တွင် နိုင်ငံတကာနဲ့ယှဉ်ပြိုင် နိုင်စွမ်းရှိရေးတို့ကို အားပေးကူညီဆောင်ရွက်ပေးရပါမယ်။

စိုက်ပျိုးရေးထွက်ကုန် ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြင့်စက်မှုကုန်ချော ပေါ်ပေါက်စေရန် နည်းပညာဖြန့်ဝေခြင်းနဲ့ လိုအပ်သော ရင်းနှီးမှုများရရှိရေးအတွက် ကူညီဆောင်ရွက်ပေးရပါမယ်။ စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်းများအကျိုးရှိစွာ အသုံးချနိုင်ရေး၊ ရေလွှမ်းမိုးမှုမှ ကာကွယ်ရေးနှင့် ရေအရင်းအမြစ်များကို စနစ်တကျအကျိုးရှိစွာ အသုံးချစီမံခန့်ခွဲရေးတို့ကို ကူညီဆောင်ရွက်ပေးရပါမယ်။ ပြည်သူလူထု အာဟာရပြည့်ဝစေရန်အတွက် ပြည်တွင်းတိရစ္ဆာန်မွေးမြူရေးနဲ့ ရေလုပ်ငန်းများတွင် ပုဂ္ဂလိကအခန်းကဏ္ဍ မြှင့်တင်ပြီး ပြည်တွင်းသုံးစွဲမှု ဖူလုံရေးသာမက ပြည်ပသို့တင်ပို့မှု မြင့်မားအောင်လည်း ကူညီဆောင်ရွက်ပေးရပါမယ်။

ပင်လယ်ကမ်းနီးကမ်းဝေး ငါးများ မပြုန်းတီးရေးနဲ့ ပိုမိုပွားများလာရေး ကမ်းရိုးတန်းနှင့် ကမ်းလွန်ငါးဖမ်းလုပ်ငန်းများ တိုးတက်လာစေရန် လိုအပ်သောအရင်းအနှီး၊ နည်းပညာနဲ့ စက်ကိရိယာများရရှိရေးကို ပြည်တွင်းပြည်ပအဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်ရပါမယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာဥပဒေများကို လိုအပ်လျှင် ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ညှိနှိုင်းဆောင်ရွက်ရပါမယ်။

ဆက်လက်ပြီး ကော်မတီရဲ့ လုပ်ပိုင်ခွင့်များကို ရှင်းလင်းတင်ပြပါမယ်။ ကော်မတီသည် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းတို့မှ ဖြေကြားနိုင်မည့် တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း၊ အစိုးရ မဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးခြင်းများ ပြုလုပ်ပါမယ်။ ထို့အပြင် ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သော ပုဂ္ဂိုလ်များနဲ့ ပေါင်းစပ်၍၊ ဖွဲ့စည်း၍ဖြစ်စေ၊ လိုအပ်သည့် ပြည်တွင်းနေရာဒေသ အသင်းအဖွဲ့ရုံး၊ အလုပ်ရုံ၊ လုပ်ငန်းတည်နေရာ သို့မဟုတ် အစိုးရရုံးဌာနများနဲ့ ပြည်တွင်းရှိ နိုင်ငံတကာအဖွဲ့စည်းရုံးဌာနများသို့ တာဝန်အရ သွားရောက်လေ့လာ ဆောင်ရွက်နိုင်ပါတယ်။ ထိုသို့ သွားရောက် လေ့လာဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်ရုံးသို့ ခရီးစဉ်နဲ့ အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး အမျိုးသားလွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရပါမယ်။ ကော်မတီသည် လုပ်ငန်းနှင့်သက်ဆိုင်သည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ အမိန့်ညွှန်ကြားချက်များနဲ့ စာရင်းဇယားများကို အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများထံ တောင်းခံနိုင်ပါတယ်။

ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ Workshop၊ စာတမ်းဖတ်ပွဲများ၊ အခြားဌာနဆိုင်ရာအဖွဲ့အစည်းများမှ ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများကိုလည်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်နိုင်ခွင့်ရှိပါတယ်။ အစိုးရနဲ့ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများက ကော်မတီ သို့မဟုတ် ကော်မတီဝင်ထံသို့ ဆက်သွယ်လာရင် အမျိုးသားလွှတ်တော်၏ ခွင့်ပြုချက်နှင့်အညီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်နဲ့အညီ လက်ခံတွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း၊ သတင်းထုတ်ပြန်ခြင်း ပြုလုပ်နိုင်ပါတယ်။ ကော်မတီသည် လိုအပ်သည့်နယ်မြေဒေသများသို့ သွားရောက်လေ့လာရန် ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ဥက္ကဋ္ဌမှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ခွင့်ပြုချက်ရယူရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ရပိုင်ခွင့်နှင့် စပ်လျဉ်းပြီး ကျွန်တော် ဆက်လက်တင်ပြပါမယ်။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိပါတယ်။ ဒီ့အပြင် ကော်မတီဝင်များဟာ ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိပါတယ်။ ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိပါတယ်။ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်စသည့် အခွင့်အရေးများလည်း ရှိပါတယ်။

ကော်မတီရဲ့ သက်တမ်းအနေနဲ့ကတော့ တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌက လိုအပ်ပါက ကော်မတီ၏အမည် ပြင်ဆင်ခြင်း၊ ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ တို့အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ကော်မတီမှာပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြပါ့မယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို (၁၅)ဦး နဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီဥက္ကဋ္ဌ အဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း အားလည်းကောင်း၊ အတွင်းရေးမှူး အဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် အား လည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့-

| | | |
|---|---|---|
| (၁) | ဦးစောယှားဖောင်အွာ | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) |
| (၂) | ဦးလှဆန်း | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) |
| (၃) | ဦးအောင်မျိုးလတ် | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) |
| (၄) | ဦးခင်ဝင်း | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) |
| (၅) | ဦးကျော်နိုင် | ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) |
| (၆) | ဦးတင်မောင်ဝင်း | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) |
| (၇) | မန်းတိုးရွှေ | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) |
| (၈) | ဦးခင်ဇော်ဦး | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) |
| (၉) | ဦးကျော်သန်း | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) |
| (၁၀) | ဦးကျင့်ခန့်ပေါင် | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) |
| (၁၁) | ဦးခင်မျိုးဝင်း | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) |
| (၁၂) | ဒေါ်မမလေး | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) |
| (၁၃) | ဗိုလ်မှူးဝင်းသိန်း | တပ်မတော်သားကိုယ်စားလှယ် |

တို့ ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ ရပ်နားကြောင်းနှင့် (၁၁)ရက်မြောက်နေ့အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက် နေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၀း၂၀ နာရီ အချိန်တွင် ရပ်နားပါသည်။]